http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မရဏာသန္နဝီထိ

ဝီထိအဆုံးတွင် ဘဝင်အနည်းငယ်ခြား၍ဖြစ်စေ၊ ဘဝင်မခြားဘဲဖြစ်စေ အမှန်မုချ စုတိစိတ်ဖြစ်သောဝီထိကို **မရဏာသန္နဝီထိ**ဟု ခေါ်၏။

(ရှေးဆရာမြတ်များသည် ပဋိသန္ဓေဝီထိကို သီးခြားမပြဘဲ စုတိနောက်၌ ပဋိသန္ဓေဝီထိကို တစ်ဆက်တည်း ပြလေ့ရှိကြ၏၊ ထို့ကြောင့် မရဏာသန္နဝီထိဆိုလျှင် ပဋိသန္ဓေဝီထိလည်း ပါဝင်ပြီးဟု မှတ်ရမည်။)

---

မှီငြမ်းကျမ်းများ - ၁။ တောင်မြို့ဆရာတော်ကြီး (အရှင်ဇနကာဘိဝံသ)၏ ဝီထိနှင့် သုံးချက်စု ဘာသာဋီကာ

၂။ အရှင်ခေမိန္ဒ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ)၏ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း

၃။ အရှင်မုနိန္ဒာဘိဝံသ၏ သင်္ဂြိုဟ်ရှင်းတမ်း

၄။ အရှင်မုနိန္ဒာဘိဝံသ၏ ဋီကာကျော်ရှင်းတမ်း

၅။ မစိုးရိမ် ဋီကာကျော်မေးဖြေကျမ်း

၆။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ

အမှာ - ဤမရဏာသန္နဝီထိမှတ်စုသည် အဘိဓမ္မာ(သင်္ဂြိုဟ်)အခြေခံသဘော အထူးသဖြင့် ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်းနှင့် ရုပ်ပိုင်းတို့ကို ကျေပွန်စွာ လေ့လာထားပြီး ဖြစ်သူများအတွက် ရည်ရွယ်၍ ပြုစုထားခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် အဘိဓမ္မာ(သင်္ဂြိုဟ်)အခြေခံသဘောများတွင် သိထားနှင့်ပြီး အချက်များကို ထပ်မံမဖော်ပြတော့ပါ။ လိုအပ်မည်ထင်သည့်အချက်အချို့ကိုသာ ထပ်မံဖော်ပြထားပါသည်။

မှတ်စုပြုစုရခြင်း၏ရည်ရွယ်ချက် - အဘိဓမ္မာ(သင်္ဂြိုဟ်)သင်ရိုးတွင် မရဏာသန္နဝီထိအကြောင်းကို သဘောမျှသာ လေ့လာခွင့်ရပါသည်၊ မရဏာသန္နဝီထိကို လေ့လာထားမှသာ ဋီကာကျော် ဆက်လက်လေ့လာမည့်သူများ၊ အထူးသဖြင့် ဝိသုဒ္ဓိမဂ် တတိယဆင့် "သင်္ခါရပစ္စယာ ဝိညာဏံ"ပုဒ်အဖွင့်၌ လာသော "ပဋိသန္ဓေစိတ်ဖြစ်ပုံ"ကို လေ့လာရာ၌ လွယ်ကူ ရှင်းလင်းစွာ နားလည်နိုင်ရေးအတွက် လွန်စွာအကျိုးများမည်ဟု ယုံကြည်ပါသောကြောင့် ဤမှတ်စုကို ပြုစုခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

## မရဏာသန္နဝီထိ အကျဉ်း ၃-မျိုး

(က) ကာမသတ္တဝါ၏ မရဏာသန္နဝီထိ
(ခ) ရူပသတ္တဝါ၏ မရဏာသန္နဝီထိ
(ဂ) အရူပသတ္တဝါ၏ မရဏာသန္နဝီထိ ဟူ၍ အကျဉ်း ၃-မျိုးပြား၏။

### တစ်ဖန် အကျဉ်း ၃-မျိုးမှ အောက်ပါအတိုင်း အကျယ် ၈-မျိုး ပြား၏။

**(က) ကာမသတ္တဝါ၏ မရဏာသန္နဝီထိ**

| | | | | |
|---|---|---|---|---|
| (၁) ကာမ ၁၁-ဘုံမှ | စုတေ၍ | ကာမ ၁၁-ဘုံ၌ | ပဋိသန္ဓေနေမည့်ဝီထိ | **(ကာမစုတိ - ကာမပဋိသန္ဓေ)** |
| (၂) ကာမသုဂတိ ၇-ဘုံမှ | ॥ | ရူပ ၁၆-ဘုံ၌ | ॥ | **(ကာမစုတိ - ရူပပဋိသန္ဓေ)** |
| (၃) ကာမသုဂတိ ၇-ဘုံမှ | ॥ | အရူပ ၄-ဘုံ၌ | ॥ | **(ကာမစုတိ- အရူပပဋိသန္ဓေ)** |

**(ခ) ရူပသတ္တဝါ၏ မရဏာသန္နဝီထိ-**

| | | | | |
|---|---|---|---|---|
| (၁) ရူပ ၁၄-ဘုံမှ | စုတေ၍ | ရူပ ၁၅-ဘုံ၌ | ပဋိသန္ဓေနေမည့်ဝီထိ | **(ရူပစုတိ - ရူပပဋိသန္ဓေ)** |
| (၂) ရူပ ၁၁-ဘုံမှ | ॥ | ကာမသုဂတိ ၇-ဘုံ၌ | ॥ | **(ရူပစုတိ - ကာမပဋိသန္ဓေ)** |
| (၂. ၁) ရူပ ၁၀-ဘုံမှ | ॥ | ကာမသုဂတိ ၇-ဘုံ၌ | ॥ | |
| (၂. ၂) အသညသတ်ဘုံမှ | ॥ | ကာမသုဂတိ ၇-ဘုံ၌ | ॥ | |
| (၃) ရူပ ၁၀-ဘုံမှ | ॥ | အရူပ ၄-ဘုံ၌ | ॥ | **(ရူပစုတိ - အရူပပဋိသန္ဓေ)** |

**(ဂ) အရူပသတ္တဝါ၏ မရဏာသန္နဝီထိ**

| | | | | |
|---|---|---|---|---|
| (၁) အရူပ ၄-ဘုံမှ | စုတေ၍ | အရူပ ၄-ဘုံ၌ | ပဋိသန္ဓေနေမည့်ဝီထိ | **(အရူပစုတိ -အရူပပဋိသန္ဓေ)** |
| (၂) အရူပ ၄-ဘုံမှ | ॥ | ကာမသုဂတိ ၇-ဘုံ၌ | ॥ | **(အရူပစုတိ -ကာမပဋိသန္ဓေ)** |

**မရဏာသန္နဝီထိသည်** - ★ ပဉ္စဒွါရဝီထိဖြစ်စေ၊ မနောဒွါရဝီထိဖြစ်စေ ဖြစ်နိုင်၏၊ ဤဝီထိနှစ်မျိုးတို့သည် တဒါရုံ (သို့) ဇောနှင့် အဆုံးသတ်ပြီး ထိုတဒါရုံ (သို့) ဇောတို့၏နောက်၌ ဘဝင်ဖြစ်စေ စုတိစိတ်ဖြစ်စေ ဖြစ်လေ့ရှိ၏၊ ထို့ကြောင့် အောက်ပါပုံစံအတိုင်း ၄-မျိုး ဖြစ်နိုင်၏။

| | | |
|---|---|---|
| (၁) တဒါရုံ ဘဝင်နောင် စုတိ | (**မနောဒွါရဝီထိပုံစံ**- | န ဒ မ ဇဇဇဇဇ ရုံရုံ ဘဝင် စုတိ) |
| (၂) တဒါရုံနောင် စုတိ | ( | န ဒ မ ဇဇဇဇဇ ရုံရုံ ✘ စုတိ) |
| (၃) ဇော ဘဝင်နောင် စုတိ | ( | န ဒ မ ဇဇဇဇဇ ✘✘ ဘဝင် စုတိ) |
| (၄) ဇောနောင် စုတိ | ( | န ဒ မ ဇဇဇဇဇ ✘✘ ✘ စုတိ) |

★ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်သူဖြစ်အံ့ - ပဉ္စဒွါရဝီထိအာလုံး ဖြစ်နိုင်၏။
ရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်သူဖြစ်အံ့ - စက္ခုဒွါရဝီထိနှင့် သောတဒွါရဝီထိ ဖြစ်နိုင်၏။

**မရဏာသန္နဝီထိ၏ အာရုံသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် - ဟု အမည်တစ်ခုခု ရကြ၏၊**

| | | | |
|---|---|---|---|
| ကံဟူသည် | - လောကီကုသိုလ် အကုသိုလ် စေတနာ | အတိတ် | မနောဒွါရ |
| ကမ္မနိမိတ်သည် | - ရုပါရုံစသော အာရုံ ၆-ပါး၊ | ပစ္စုပ္ပန်, အတိတ် | ပဉ္စဒွါရ, မနောဒွါရ |
| ဂတိနိမိတ်သည် | - ရုပါရုံ၊ | ပစ္စုပ္ပန် | မနောဒွါရ (ဋီကာကျော်) |
| ရုပါရုံစသော အာရုံ ၆-ပါး၊ | | ပစ္စုပ္ပန်, အတိတ် | ၆-ဒွါရ (သင်္ဂြိုဟ်) |

http://www.dhammadownload.com

## (က) ကာမသတ္တဝါ၏ မရဏာသန္နဝီထိ

### ၁။ ကာမ ၁၁-ဘုံမှ စုတေ၍ ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ကာမစုတိ - ကာမပဋိသန္ဓေ)

**ပဉ္စဒွါရဝီထိ ပုံစံ- စက္ခုဒွါရဝီထိ**

ဘဝဟောင်း

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉-၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇဇဇဇဇ | ရုံ | ရုံ | ဘဝင် | စုတိ |
| (၂) | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇဇဇဇဇ | ရုံ | ရုံ | × | စုတိ |
| (၃) | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇဇဇဇဇ | × | × | ဘဝင် | စုတိ |
| (၄) | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇဇဇဇဇ | × | × | × | စုတိ |

ဘဝသစ်

ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်
ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်
ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်
ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်

**စိတ်သရုပ်အားဖြင့်**

(က) ဘဝဟောင်း ဘဝင်, စုတိ = ကာမဘဝင်, ကာမစုတိ ၁၀
(တိ-၂ , မဟာဝိပါက်စိတ် ၈)

(ခ) မရဏာသန္နဇော = အကုသိုလ်စိတ်-၁၂, မဟာကု-၈
(ဒုဂ္ဂတိလားမည့်သူဖြစ်အံ့၊ အကုသိုလ်ဇော)
(သုဂတိလားမည့်သူဖြစ်အံ့၊ မဟာကုသိုလ်ဇော)

(က) ဘဝသစ် ပဋိ, ဘဝင် = ကာမပဋိ, ကာမဘဝင်-၁၀

(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော ★
(လောဘမူစိတ် ၈-ပါး)

**အာရုံအားဖြင့်**

(က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲဖြစ်သော နိမိတ် ၃-ပါးမှ ၁-ပါးပါး၊

(ခ) 'ပ မှ ရုံ' ထိ = ပစ္စုပ္ပန်ရူပါရုံ (ကမ္မနိမိတ်)၊

(က) ဘဝသစ် ပဋိ,ဘဝင် = ဘဝဟောင်းမရဏာသန္န ဇောယူအပ်သောအာရုံ ★★

(ခ) 'မ နှင့် ဇော' = ဘဝသစ်ပဋိစိတ်, စေနှင့် ကမ္မဇရုပ်။
(ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်)

★ ပဋိသန္ဓေကိစ္စတပ်သော ဝိပါက်နာမက္ခန္ဓာနှင့် တကွဖြစ်ဖက်ကမ္မဇရုပ်တို့ကို **ပဋိသန္ဓေ**-ဟု ခေါ်၏၊ ထိုပဋိသန္ဓေကိုပင် **ဥပပတ္တိဘဝ (ဇာတိ)**-ဟု ခေါ်ပြန်၏၊ ယင်းဘဝကို အာရုံပြုလျက် နှစ်သက်တတ်သောလောဘဇောကို **ဘဝ-နိကန္တိကလောဘဇော**-ဟု ခေါ်ရလေသည်။ (သတ္တဝါဟူသမျှ ငရဲ၌ ကျစေကာမူ ကိုယ့်ဘဝကို နှစ်သက်ကြမြဲတည်း။)

**★★ ဘဝသစ် ပဋိသန္ဓေစိတ် ယူအပ်သောအာရုံမှာ -**

<u>**တဒါရုံ ဘဝင်နောင် စုတိအဆုံးရှိသောဝီထိ**</u> ဖြစ်ပါက (ဘဝဟောင်း မရဏာသန္နဝီထိ၏ ပစ္စုပ္ပန်ရူပါရုံသည်) စုတိစိတ်တွင် အာရုံသက် ၁၇-ချက်ပြည့်ပြီး ဖြစ်၏၊ ထို့ကြောင့် ဘဝသစ်ပဋိသန္ဓေစိတ်သည် **အတိတ်**ရူပါရုံကို အာရုံပြု၏။

<u>**တဒါရုံနောင် စုတိအဆုံးရှိသောဝီထိ**</u> ဖြစ်ပါက စုတိစိတ်တွင် အာရုံသက် ၁၆-ချက် ရှိပြီ ဖြစ်၏၊ ထို့ကြောင့် ဘဝသစ် ပဋိသန္ဓေစိတ်သည် **ပစ္စုပ္ပန်**ရူပါရုံကို အာရုံပြု၏။ (ကြွင်းဝီထိများ နည်းတူသိပါ။)
(ဘဝသစ်ပဋိသန္ဓေစိတ်၏အာရုံသည် ပစ္စုပ္ပန်-သို့-အတိတ်ဖြစ်နိုင်ပုံသည် ဝိသုဒ္ဓိမဂ် တတိယဆင့် ပဋိသန္ဓေစိတ် ဖြစ်ပုံအခန်းကို လေ့လာရာ၌ များစွာအထောက်အကူဖြစ်လတ္တံ့။)

http://www.dhammadownload.com

**ဝတ္ထုအားဖြင့်**

| | |
|---|---|
| (က) စက္ခုဝိညာဏ် » စက္ခုဝတ္ထု | (က) ပဋိသန္ဓေ » ဟဒယဝတ္ထု (မိမိနှင့်အတူ ဥပါဒ်သော) |
| ကြွင်းစိတ်များ » ဟဒယဝတ္ထု (စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်စိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထုရုပ်များ) | ကြွင်းစိတ်များ » ဟဒယဝတ္ထု (မိမိ၏ကပ်ရက် ရှေ့စိတ်နှင့်အတူ ဥပါဒ်သော) |
| **ဘုံအားဖြင့်** ကာမ ၁၁-ဘုံ | ကာမ ၁၁-ဘုံ |
| **ပုဂ္ဂိုလ်အားဖြင့်** ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ သောတာပတ္တိဖလဋ္ဌာန် ၁ သကဒါဂါမိဖလဋ္ဌာန် ၁ | |

**မနောဒွါရဝီထိ ပုံစံ**

| | |
|---|---|
| (၁) န ဒ မ ဇဇဇဇဇ ရုံ ရုံ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၂) န ဒ မ ဇဇဇဇဇ ရုံ ရုံ ✘ စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၃) န ဒ မ ဇဇဇဇဇ ✘ ✘ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၄) န ဒ မ ဇဇဇဇဇ ✘ ✘ ✘ စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |

မနောဒွါရဝီထိသည် ပဉ္စဒွါရဝီထိနှင့် သဘောတူ၏၊ **အထူးမှာ အာရုံအားဖြင့် -**

အတိတ်, ပစ္စုပ္ပန် ဖြစ်သော ကမ္မနိမိတ် (သို့)
ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ် (သို့)
အတိတ် ဖြစ်သော ကံ ဟူသော ကာမအာရုံ ၆-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→

## ၂။ ကာမသုဂတိ ၇-ဘုံမှ စုတေ၍ ရူပ ၁၆-ဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ကာမစုတိ - ရူပပဋိသန္ဓေ)

★ မနောဒွါရဝီထိနှင့်သာ စုတေနိုင်၏၊ (မနောဒွါရ မရဏာသန္နဝီထိသာ ဖြစ်နိုင်၏။)

★★ မနောဒွါရ မရဏာသန္နဝီထိ၏ အာရုံမှာလည်း ကသိုဏ်းပညတ်စသော ကမ္မနိမိတ်သာ ဖြစ်၏၊

★★★ ပညတ်အာရုံဖြစ်သောကြောင့် တဒါရုံ မကျနိုင်ပါ။

★★★★ မရဏာသန္နဇောသရုပ်မှာ (သုဂတိဘုံဖြစ်သော ရူပဘုံသို့ ရောက်မည့်သူဖြစ်သောကြောင့်) မဟာကုသိုလ်ဇော ၈-ပါးမှ တစ်ပါးပါးသာ ဖြစ်၏။

(ဤအချက်ကို သေချာစွာ နားလည် မှတ်သားရပါမည်၊ စာသင်သားအများစုမှာ ရူပဘုံသို့ လားမည့်သူ ဖြစ်လျှင် မရဏာသန္နဇောကို ဈာန်ဇောဟု ထင်တတ်ကြပါသည်၊ မရဏာသန္နဇောသည် ဒုဂ္ဂတိဘုံသို့လားမည့်သူ ဖြစ်လျှင် အကုသိုလ်ဇော၊ သုဂတိဘုံသို့လားမည့်သူ ဖြစ်လျှင် မဟာကုသိုလ်ဇော တစ်ပါးပါးသာ ဖြစ်၏၊ အာရုံမှာမူ လားမည့်ဘုံအလိုက် ကမ္မနိမိတ်တစ်ပါးပါး ထိုက်သည်အားလျော်စွာ ဖြစ်၏။)

http://www.dhammadownload.com

**၂ (၁)။ ကာမသုဂတိ ၇-ဘုံမှ စုတေ၍ ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ကာမစုတိ - ရူပ ၁၅-ပဋိသန္ဓေ)**

မနောဒွါရဝီထိ

| | |
|---|---|
| (၁) န ဒ မ ဇဇဇဇဇ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၂) န ဒ မ ဇဇဇဇဇ × စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |

**မှတ်ချက် = ✓ သည် ဘဝဟောင်း၊ ✓✓ သည် ဘဝသစ်ကို ရည်ညွှန်းပါသည်။**

**စိတ်သရုပ်အားဖြင့်**

✓ (က) ဘဝဟောင်း ဘဝင်, စုတိ = ကာမတိဟိတ် ဘဝင်, စုတိ ၄-ပါး (မဟာဝိပါက်စိတ် ဉာဏ်သံ-၄)
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ရူပပဋိ, ဘဝင် ၅-ပါး
(ခ) ဘဝနိကန္တိကလောဘဇော= လောဘမူစိတ် ၈-ပါး

**အာရုံအားဖြင့်**

✓ (က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ နိမိတ် ၃-ပါးမှ ၁-ပါးပါး
(ခ) 'မ နှင့် ဇော' = ကသိုဏ်းပညတ်စသောကမ္မနိမိတ်

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်းမရဏာသန္နဇောယူအပ်သော ကသိုဏ်းပညတ်စသော ကမ္မနိမိတ်
(ခ) 'မ နှင့် ဇော' = ဘဝသစ်ပဋိစိတ်, စေ နှင့် ကမ္မဇရုပ်

**ဝတ္ထုအားဖြင့်** ✓ ဟဒယဝတ္ထု
✓ ✓ ဟဒယဝတ္ထု

**ဘုံအားဖြင့်** ✓ကာမသုဂတိ ၇-ဘုံ
✓✓ ရူပ ၁၅-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃
✓✓ တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃

---

**၂ (၂)။ ကာမသုဂတိမှ စုတေ၍ အသညသတ်ဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ကာမစုတိ - အသညသတ်ပဋိသန္ဓေ)**

| | |
|---|---|
| (၁) န ဒ မ ဇဇဇဇဇ ဘဝင် စုတိ | ရုပ်ပဋိ ရုပ်ဘဝင် |
| (၂) န ဒ မ ဇဇဇဇဇ × စုတိ | ရုပ်ပဋိ ရုပ်ဘဝင် |

**စိတ်သရုပ်အားဖြင့်** ✓(က) ဘဝဟောင်း ဘဝင်, စုတိ = ကာမတိဟိတ် ဘဝင်, စုတိ ၄-ပါး
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး

✓ ✓ (က) ဘဝသစ် ပဋိ = ဇီဝိတနဝကကလာပ်ရုပ် ပဋိ ၁-ပါး
(ခ) ဘဝသစ်ဇော = မရှိ

http://www.dhammadownload.com

**အာရုံအားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ၃-ပါးမှ ၁-ပါးပါး
(ခ) 'မ နှင့် ဇော' = ဝါယောကသိုဏ်းပညတ် ကမ္မနိမိတ်
(ကေစိဝါဒ = အာကာသကသိုဏ်းပညတ်)

✓ ✓ (က) နာမ်မရှိသောဘုံ ဖြစ်၍ အာရုံမရှိ။

**ဝတ္ထုအားဖြင့်** ✓ ဟဒယဝတ္ထု
✓✓ မရှိ

**ဘုံအားဖြင့်** ✓ ကာမသုဂတိ ၇-ဘုံ
✓✓ အသညသတ်ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓ တိဟိတ်ပုထုဇဉ် ၁
✓✓ သုဂတိ အဟိတ်ပုထုဇဉ်

←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→ ←·→

## (ခ) ရူပသတ္တဝါ၏ မရဏာသန္နဝီထိ

### ၁။ ရူပဘုံမှ စုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ရူပစုတိ - ရူပပဋိသန္ဓေ)

(မနောဒွါရဝီထိသာ ဖြစ်နိုင်၏)

| | |
|---|---|
| (၁) န ဒ မ ဇဇဇဇဇ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၂) န ဒ မ ဇဇဇဇဇ ✗ စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |

**စိတ်သရုပ်အားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = ရူပဘဝင်, စုတိ ၅-ပါး
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ရူပပဋိ, ဘဝင် ၅-ပါး
(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော

**အာရုံအားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ပညတ်ကမ္မနိမိတ်
(ခ) 'မ နှင့် ဇော' = ပညတ်ကမ္မနိမိတ်

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်း မရဏာသန္နဇောယူအပ်သောအာရုံ
(ခ) 'မ နှင့် ဇော' = ဘဝသစ် ပဋိစိတ်, စေ နှင့် ကမ္မဇရုပ်

**ဝတ္ထုအားဖြင့်** ✓ ဟဒယဝတ္ထု
✓✓ ဟဒယဝတ္ထု

**ဘုံအားဖြင့်** ✓ အသညသတ်နှင့် အကနိဋ္ဌဘုံကြဉ် ရူပ ၁၄-ဘုံ
(အသညသတ်ပုဂ္ဂိုလ်စုတေလျှင် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေနေမြဲ ဖြစ်၏၊ အကနိဋ္ဌဘုံ၌ ဖြစ်သောအရိယာပုဂ္ဂိုလ်သည် မိမိဘုံ၌လည်း ထပ်၍ ယူရိုး မရှိ၊ အထက်ဘုံသို့လည်း မပြောင်း၊ မိမိဘုံ၌သာ နိဗ္ဗာန်ယူသိမ်း ငြိမ်းလေတော့သည်။)
✓✓ အသညသတ်ဘုံကြဉ်သော ရူပ ၁၅-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓ တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃
✓✓ တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃

http://www.dhammadownload.com

## ၂။ ရူပ ၁၁-ဘုံမှ စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ရူပစုတိ - ကာမပဋိသန္ဓေ)

### (၂. ၁) ရူပ ၁၀-ဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ရူပစုတိ - ကာမပဋိသန္ဓေ)

(စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိနှင့် မနောဒွါရဝီထိတို့ ဖြစ်နိုင်၏)

စက္ခုဒွါရဝီထိ ပုံစံ

| | |
|---|---|
| **(၁) တီ န ဒ ပ စ သံ ဏ ဝုဇဇဇဇ ဘဝင် စုတိ** | **ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်** |
| **(၂) တီ န ဒ ပ စ သံ ဏ ဝုဇဇဇဇ ✘ စုတိ** | **ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်** |

**စိတ်သရုပ်အားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = ရူပဘဝင်, ကာမစုတိ ၅-ပါး

(ခ) မရဏာသန္နဇော = မဟာကု ၈

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ကာမဒွိဟိတ်, တိဟိတ်ပဋိ, ဘဝင် ၈-ပါး

(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော

**အာရုံအားဖြင့်** ✓(က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ပညတ်ကမ္မနိမိတ်

(ခ) 'ပ မှ ဇ' ထိ ဝီထိစိတ်များ = ပစ္စုပ္ပန်ရူပါရုံ (ကမ္မ/ဂတိနိမိတ်)

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်းမရဏာသန္နဇောယူအာရုံ

(ခ) 'မ နှင့် ဇော' = ဘဝသစ်ပဋိစိတ်, စေ နှင့် ကမ္မဇရုပ်

**ဝတ္ထုအားဖြင့်** ✓ ဟဒယဝတ္ထု

✓ ✓ ဟဒယဝတ္ထု

**ဘုံအားဖြင့်** ✓အသညသတ်နှင့် သုဒ္ဓါဝါသကြဉ် ရူပ ၁၀-ဘုံ

(အသညသတ်ပုဂ္ဂိုလ်တို့မှာ နာမ်မရှိသဖြင့် မရဏာသန္နဝီထိ မရှိ၊ သုဒ္ဓါဝါသဘုံ၌ အရိယာသာ ရှိပြီး အောက်ဘုံသို့ ဆင်းရိုး မရှိ။)

✓✓ကာမသုဂတိ ၇-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓တိဟိတ်ပုထုဇဉ်

✓✓တိဟိတ်ပုထုဇဉ် နှင့် ဒွိဟိတ်ပုထုဇဉ်

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### (၂. ၂) အသညသတ်ဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ

အသညသတ်သတ္တဝါသည် မဟာကပ် ၅၀၀-တိုင်အောင် အသက်ရှည်၏၊ ရုပ်ချည်းသာ ရှိသောဘုံဖြစ်၍ မရဏာသန္နဇော မရှိနိုင်။

**ရုပ်ပဋိသန္ဓေ ရုပ်ဘဝင် ရုပ်စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်**

**စိတ်သရုပ်အားဖြင့်** - ဘဝသစ် ပဋိသန္ဓေနှင့် ဘဝင်စိတ်များသည် ကာမ ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ဘဝင်စိတ် ၈-ပါး ဖြစ်၏။

**အာရုံအားဖြင့်** - ဘဝသစ် ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့၏ အာရုံသည် အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝ ကပြုခဲ့ပြီး ယခု အကျိုးပေးခွင့်ရသော အပရာပရိယာယကံသည် ထင်စေအပ်သော ကံ၊ ကမ္မနိမိတ်၊

http://www.dhammadownload.com

ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏၊ မနောဒွါရာဝဇ္ဇန်းနှင့် ဘဝနိကန္တိကလောဘဇော တို့သည် ဘဝသစ် ပဋိသန္ဓေ စိတ်, စေတသိက်နှင့် ကမ္မဇရုပ်တို့ကို အာရုံပြုကြ၏။

**ဝတ္ထုအားဖြင့်** - ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏၊ ပထမဘဝင်စသော နောက် နောက်သောစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

**ဘုံအားဖြင့်** - ဘဝဟောင်းအတွက် အသညသတ်ဘုံ၊ ဘဝသစ်အတွက် ကာမသုဂတိ ၇-ဘုံ။

**ပုဂ္ဂိုလ်အားဖြင့်** - ဘဝဟောင်းအတွက် သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဘဝသစ်အတွက် ဒွိဟိတ်, တိဟိတ်ပုထုဇဉ်။

---

## ၃။ ရူပဘုံမှ စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (ရူပစုတိ - အရူပပဋိသန္ဓေ)

(မနောဒွါရဝီထိသာ ဖြစ်နိုင်၏)

| | |
|---|---|
| (၁) န ဒ မ ဇဇဇဇဇ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |
| (၂) န ဒ မ ဇဇဇဇဇ × စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင် |

**စိတ်သရုပ်အားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = ရူပ ဘဝင်, စုတိ ၅-ပါး
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး
✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = အရူပ ပဋိ, ဘဝင် ၄-ပါး
(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော

**အာရုံအားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ပညတ်ကမ္မနိမိတ်
(ခ) 'မ နှင့် ဇော' = ပညတ်ကမ္မနိမိတ် (သို့) မဟဂ္ဂုတ်ကမ္မနိမိတ်
✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်း မရဏာသန္နဇောယူအာရုံ
(ခ) 'မ နှင့် ဇော' = ဘဝသစ် ပဋိစိတ်, စေ

**ဝတ္ထုအားဖြင့်** ✓ ဟဒယဝတ္ထု
✓ ✓ (မရှိ)

**ဘုံအားဖြင့်** ✓ အသညသတ်နှင့် သုဒ္ဓါဝါသကြဉ် ရူပ ၁၀-ဘုံ
✓ ✓ အရူပ ၄-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓ တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃
✓ ✓ တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃

---

## (ဂ) အရူပသတ္တဝါ၏ မရဏာသန္နဝီထိ

### ၁။ အရူပဘုံမှ စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (အရူပစုတိ - အရူပပဋိသန္ဓေ)
(မနောဒွါရဝီထိသာ ဖြစ်နိုင်၏)

(၁) န ဒ မ ဇဇဇဇ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်
(၂) န ဒ မ ဇဇဇဇ ✗ စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်

**စိတ်သရုပ်အားဖြင့်** ✓(က) ဘဝဟောင်း ဘဝင်, စုတိ = အရူပ ဘဝင်, စုတိ ၄-ပါး
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး

✓ ✓(က) ဘဝသစ် ပဋိ, ဘဝင် = အရူပ ပဋိ, ဘဝင် ၄-ပါး
(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော

**အာရုံအားဖြင့်** ✓(က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ပညတ်ကမ္မနိမိတ် (သို့) မဟဂ္ဂုတ်ကမ္မနိမိတ်
(ခ) 'မ နှင့် ဇော' = ပညတ်ကမ္မနိမိတ် (သို့) မဟဂ္ဂုတ်ကမ္မနိမိတ်

✓ ✓(က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်း မရဏာသန္နဇောယူအာရုံ
(ခ) 'မ နှင့် ဇော' = ဘဝသစ် ပဋိစိတ်, စေ

**ဝတ္ထုအားဖြင့်** ✓ (မရှိ)
✓✓ (မရှိ)

**ဘုံအားဖြင့်** ✓အရူပ ၄-ဘုံ
✓✓အရူပ ၄-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃
✓✓တိဟိတ်ပုထုဇဉ် ၁ နှင့် အောက်ဖလဋ္ဌာန် ၃

---

### ၂။ အရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ဝီထိ (အရူပစုတိ - ကာမပဋိသန္ဓေ)
(မနောဒွါရဝီထိသာ ဖြစ်နိုင်၏)

(၁) န ဒ မ ဇဇဇဇ ဘဝင် စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်
(၂) န ဒ မ ဇဇဇဇ ✗ စုတိ | ပဋိ ဘဝင်(၁၅-၁၆) မ ဇဇဇဇဇဇဇ ဘဝင်

**စိတ်သရုပ်အားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = အရူပ ဘဝင်, စုတိ ၄-ပါး
(ခ) မရဏာသန္နဇော = မဟာကုသိုလ်စိတ် ၈-ပါး

✓ ✓ (က) ဘဝသစ် ပဋိ, ဘဝင် = ကာမ တိဟိတ်ပဋိ, ဘဝင် ၄-ပါး
(ခ) ဘဝသစ်ဇော = ဘဝနိကန္တိကလောဘဇော

http://www.dhammadownload.com

**အာရုံအားဖြင့်** ✓ (က) ဘဝဟောင်း ဘဝင်, စုတိ = မိမိယူမြဲ ပညတ်ကမ္မနိမိတ် (သို့) မဟဂ္ဂုတ်ကမ္မနိမိတ်
(ခ) 'မ နှင့် ဇော' = (ကာမကုသိုလ်)ကံ, ကမ္မ, ဂတိနိမိတ် ၃-ပါးမှ တစ်ပါးပါး

✓✓ (က) ဘဝသစ် ပဋိ, ဘဝင် = ဘဝဟောင်း မရဏာသန္နဇောယူအာရုံ
(ခ) 'မ နှင့် ဇော' = ဘဝသစ် ပဋိစိတ်, စေနှင့် ကမ္မဇရုပ်

**ဝတ္ထုအားဖြင့်** ✓ (မရှိ)
✓ ✓ ဟဒယဝတ္ထု

**ဘုံအားဖြင့်** ✓အရူပ ၄-ဘုံ
✓✓ကာမသုဂတိ ၇-ဘုံ

**ပုဂ္ဂိုလ်အားဖြင့်** ✓တိဟိတ်ပုထုဇဉ် ၁
✓✓ တိဟိတ်ပုထုဇဉ် ၁

---

## ပရိနိဗ္ဗာနဝီထိ

**ပရိနိဗ္ဗာနဝီထိသည် -**
**၁။ ကာမဇောဝါရ မနောဒွါရဝီထိအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိနှင့်**
**၂။ အပ္ပဇောဝါရ မနောဒွါရဝီထိအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိ ဟု ၂-မျိုးပြား၏။**

**၁။ ကာမဇောဝါရ မနောဒွါရဝီထိအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိ**

**(၁) န ဒ မ ဇဇဇဇဇ ရုံ ရုံ ဘဝင် စုတိ**
**(၂) န ဒ မ ဇဇဇဇဇ ရုံ ရုံ ✘ စုတိ**
**(၃) န ဒ မ ဇဇဇဇဇ ✘ ✘ ဘဝင် စုတိ**
**(၄) န ဒ မ ဇဇဇဇဇ ✘ ✘ ✘ စုတိ**

- ★ ကာမသုဂတိဘုံ၌သာ ရအပ်၍၊ ရှေ့နောက် ဘဝင်, စုတိတို့သည် ပဋိသန္ဓေစိတ်နှင့် တူစွာ ကာမတိဟိတ် ဘဝင်, စုတိ ၄-ပါး ဖြစ်၏၊
- ★ ၎င်းတို့သည် မိမိတို့ယူမြဲဖြစ်သော နိမိတ် ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။
- ★ မရဏာသန္နဇောသည် ကြိယာဇော ဖြစ်၏၊ အာရုံအားဖြင့် (အခြားမရဏာသန္နဝီထိများကဲ့သို့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အမည် မရဘဲ) တေဘူမကနာမ်ရုပ်များနှင့် ပညတ်အာရုံများတွင် တစ်ပါးပါးကို အာရုံပြု၏။ (ကံက အကျိုးပေးဖွယ် မလိုသောကြောင့် ကံအာရုံ, ကမ္မနိမိတ်အာရုံများ မထင်နိုင်၊ လားရာဂတိ မရှိသောကြောင့် ဂတိနိမိတ်လည်း မထင်နိုင်။)

http://www.dhammadownload.com

## ၂။ အပ္ပဏာဝါရ မနောဒွါရဝီထိအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိ

(၁) ဈာနသမနန္တရဝီထိ = ဈာန်ဝင်စားပြီးနောက် စုတိကျသောဝီထိ၊
(၂) ပစ္စဝေက္ခဏာသမနန္တရဝီထိ = ဈာန်ဝင်စားပြီးနောက် ပစ္စဝေက္ခဏာဝီထိဖြစ်ပြီးမှ စုတိကျသောဝီထိ၊
(၃) အဘိညာသမနန္တရဝီထိ = အဘိညာဉ်ဝင်စားပြီးနောက် စုတိကျသောဝီထိ၊
(၄) ဇီဝိတသမသီသီဝီထိ = ဇီဝိတိန္ဒြေချုပ်ခါနီးမှ အရဟတ္တမဂ္ဂဝီထိ (အရဟတ္တဖိုလ်ရ) ဖြစ်ပြီးနောက် ဘဝင်ခြား၍ မဂ် ဖိုလ် စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိအဆုံး၌ စုတိကျသောဝီထိ။

### (၁) ဈာနသမနန္တရဝီထိ

**န ဒ မ ပ ဥ နု ဂေါ ဈာန်ဇောများစွာ(ဈာန်ဇော ထိုက်သလိုအကြိမ်များစွာ ချ) ဘဝင် စုတိ**

(ဈာန်ဘဝင်နောင် စုတိ၊ ဈာန်နောင် စုတိ ဟူ၍ ၂-ပါးရှိ၏။)

**စိတ်သရုပ်အားဖြင့်** - ရှေ့နောက် ဘဝင်, စုတိ = တိဟိတ်ဘဝင်, စုတိ ၁၃-ပါး
ပ, ဥ, နု, ဂေါ = မဟာကြိယာ ဉာဏ် ၄-ပါး
ဈာန်ဇော = မဟဂ္ဂုတ်ကြိယာ ၉-ပါး

**အာရုံအားဖြင့်** - ရှေ့နောက် ဘဝင်, စုတိတို့သည် မိမိယူမြဲ နိမိတ် ၃-ပါးမှ တစ်ပါးပါး၊ မရဏာသန္နဇောတို့သည် ကသိုဏ်းပညတ် စသည်။

**ဘုံအားဖြင့်** - ကာမသုဂတိ၊ ရူပ၊ အရူပဘုံ

### (၂) ပစ္စဝေက္ခဏာသမနန္တရဝီထိ

**န ဒ မ ဇဇဇဇဇ ဘဝင် စုတိ**

(ဇောဘဝင်နောင် စုတိ၊ ဇောနောင် စုတိ ဟူ၍ ၂-ပါးရှိ၏။)

ဈာန်ဝင်စားပြီးနောက် ဈာန်မှ ထသောအခါ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိ၏ အခြားမဲ့၌ စုတိကျသောဝီထိ ဖြစ်၏။ (မှတ်ချက် ။ ။ ပစ္စဝေက္ခဏာဝီထိဆုံး စုတိကျသောကြောင့် **<u>ကာမဇော</u>** ဖြစ်၏။)

**စိတ်သရုပ်အားဖြင့်** - **<u>ကာမဇော</u>**၊

**အာရုံအားဖြင့်** - ဝင်စားအပ်သောဈာန်၏အင်္ဂါ၊

**ဘုံအားဖြင့်** - ကာမသုဂတိ၊ ရူပ၊ အရူပဘုံ။

### (၃) အဘိညာသမနန္တရဝီထိ

**န ဒ မ ပ ဥ နု ဂေါ အဘိညာဉ်ဇော ဘဝင် စုတိ**

(အဘိညာဉ်ဘဝင်နောင် စုတိ၊ အဘိညာဉ်နောင် စုတိ ဟူ၍ ၂-ပါးရှိ၏။)

အဘိညာဉ်အမျိုးမျိုးတို့တွင် ဣဒ္ဓိဝိဓအဘိညာဉ်ကိုသာ ဤမရဏာသန္နဝီထိအရာ၌ အလိုရှိကြ၏။

**အာရုံအားဖြင့်** - 'မ' မှ 'အဘိညာဉ်ဇော'ထိသည် မိမိ၏ ကရဇကာယကို အာရုံပြုကြ၏။

**ဘုံအားဖြင့်** - ကာမသုဂတိ၊ ရူပဘုံ။

http://www.dhammadownload.com

## (၄) **ဇီဝိတသမသီသီဝိထိ**

ယောဂီပုဂ္ဂိုလ်သည် ရောဂါဝေဒနာပြင်းစွာ ခံစားနေရခြင်းကြောင့် ဘဝသံသရာကို စက်ဆုပ်ခါ ဘဝမှ လွန်မြောက်သော ဆန္ဒ, ခိုင်မြဲသော လုံ့လဖြင့် တရားအားထုတ်ရာ အစဉ်အတိုင်း မဂ်ဖိုလ်တို့ကို ရပြီးနောက် အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာချုပ်ငြိမ်း၏၊ အဝိဇ္ဇာချုပ်ငြိမ်းသည်နှင့်တပြိုင်နက် ဇီဝိတိန္ဒြေ(အသက်)လည်း ချုပ်ခြင်းကြောင့် **ကိလေသသီသ**နှင့် **ဝဋ္ဋသီသ**တို့ ပြိုင်တူချုပ်ကြ၏။ ယင်းသို့ ပြိုင်တူချုပ်သောပုဂ္ဂိုလ်မျိုးကို **ဇီဝိတသမသီသီ ပုဂ္ဂိုလ်-ဟု ခေါ်၏။**

- ✓ အဝိဇ္ဇာသည် ကိလေသာ၏ ဦးခေါင်းပမာ အချုပ်အခြာ = ကိလေသသီသ။
- ✓ ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခ(ဘဝ)၏ ဦးခေါင်းပမာ အချုပ်အခြာ = ဝဋ္ဋသီသ။

ကိလေသသီသ (အဝိဇ္ဇာ) နှင့် ဝဋ္ဋသီသ (ဇီဝိတိန္ဒြေ)တို့ ပြိုင်တူချုပ်ကြသည်- ဆိုရာ၌ ချုပ်ရာခဏချင်း တူသည် မဟုတ်၊ အလှည့်အကြိမ်(ဝါရ) ချင်းသာ တူကြ၏၊ ယင်းသို့ ဝါရချင်း တူညီသည်ကို သမသီသီ ဟု ဆိုရခြင်းသာ ဖြစ်၏။

ရှင်းဦးအံ့ - အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာချုပ်၏၊ အရဟတ္တမဂ်နောင် ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်၏၊ ထို့နောက် ဘဝင်ခြားလျက် မဂ် ဖိုလ်ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိများ ဖြစ်ပြီးနောက် ပရိနိဗ္ဗာနစုတိကျ၏၊ ပရိနိဗ္ဗာနစုတိကျသောခဏ၌ ဇီဝိတိန္ဒြေ(အသက်)လည်း ချုပ်၏၊ (အရဟတ္တမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဝီထိများ အားလုံးပြီးဆုံးပါမှ **စိတ်တစ်ဝါရ ပြီး၏**၊) ဤသို့ အဝိဇ္ဇာချုပ်ရာဝါရ၌ပင် ဇီဝိတိန္ဒြေချုပ်သည်ကို ရည်ရွယ်၍ အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့ ပြိုင်တူချုပ်သည် ဟု ဆိုခြင်း ဖြစ်၏။

ဤဇီဝိတသမသီသီဝိထိ၌ ဇောသည် ပစ္စဝေက္ခဏာဇော၊ ဘုံအားဖြင့် ကာမဘုံ၌သာ ဖြစ်ဖွယ်ရှိသည်ဟု ဆိုကြ၏။

**မရဏာသန္နဝီထိမှတ်စု ပြီး၏။**

---